

# ရေနစ်သူ

ဓမ္မဒါန

ပညတ်တော်ကိုလွန်ကျူးခြင်းသည် အပြစ်ဖြစ်၏။ ပညတ်တရား အလုံးစုံကို စောင့်ရှောက်သည်တွင် တစုံတခု၌ မှားမိလျှင် ပညတ်တရားအလုံးစုံကို လွန်ကျူးသောအပြစ်ရှိ၏။



မိတ်ဆွေက ကျနော်လူသတ်သမား မဟုတ်ပါ။ သူများသားမယားကိုလည်း မပြစ်မှားပါ၊ သူ့ပစ္စည်း ကိုလည်း မခိုးပါ၊ ထို့ကြောင့်ကျနော့်မှာအပြစ်မရှိပါဟု ဆိုကောင်းဆိုပါမည်၊ သို့သော်မိတ်ဆွေ သူ့ပစ္စည်းကို တပ်မက်ခြင်းသည်ပင် သူခိုးမဟုတ်ပါလား။ မထောက်မတန်ဒေါသထွက်ခြင်းသည်ပင်လူသတ်ခြင်းနှင့်မထူးပါ၊ သူ့မယားကိုကိလေသာစိတ်ဖြင့်ကြည့်ခြင်းပင်ထိုမိန်းမနှင့်မှားယွင်းနေခြင်းမဟုတ်ပါလား။

ထို့ကြောင့် အထက်ပါ ပညတ်တရားသုံးပါးဖြင့် မိတ်ဆွေ၏ ဘဝ အသက်တာကို စစ်ဆေးကြည့်ပါက မိတ်ဆွေလည်း ပညတ်တရားကိုလွန်ကျူးသူ ဖြစ်နေပြီ။

ပညတ်တရားသည်သန့်ရှင်းခြင်း၊ကောင်းမြတ်ခြင်း၊ မွန်မြတ်ခြင်းရှိ၏။ သို့ရာတွင်ပညတ်တရားအားဖြင့် ဘုရားသခင်ရှေ့တော်၌အဘယ်သူမျှဖြောင့်မတ်ရာသို့ မရောက်နိုင်။



ရေနစ်သူကိုရေကူးနည်းသင်ပေးရုံဖြင့်ရေနစ်သူသည် အသက်ချမ်းသာရာရမည်မဟုတ်။ ရေနစ်သေရုံသာဖြစ်သကဲ့သို့ အပြစ်နွံထဲနစ်နေသူအား မွန်မြတ်သောပညတ်တရားများကို လိုက်ရှောက်ရန်သင်ပေးခြင်းဖြင့် အပြစ်ငရဲမှလွတ်မြောက်နိုင်မည်မဟုတ်ပါ။ အပြစ်ကြောင့် အပါယ်ငရဲသို့သွားရမည်သာဖြစ်သည်။

အပြစ်တရား၏အခကား သေခြင်းဖြစ်၏။
ပြစ်မှားသော ဝိညာဉ်သည် အမှန်သေရမည်။



ပညတ်တရားများကို လွန်ကျူးပါက၊ ပညတ်တရားက သင့်အားမကယ်တင်ပေ။ သင်လုပ်သမျှအတိုင်း သင်ခံရမည်ဟု ပြောထားပါသည်။ လူမိုသော အပြစ် ရှိသလို၊ လူမမိဘဲ သင်တယောက်တည်းလျှို့ဝှက်လုပ်သော အပြစ်တရားများအတွက် သင်ခံရမည်ဆိုပါက သင်လွတ်နိုင်ပါ့မလား။

ယေရှုခရစ်သည်အပြစ်ရှိသောသူတို့ကိုကယ်တင်ခြင်းငှါ ဤလောကသို့ကြွလာတော်မူသည်။



ရေနစ်နေသူကို ရေကူးနည်း သင်ပေးခြင်းသည် အချိးနှီးသာ ဖြစ်၏။ ရေနစ်သူအား သင်လုပ်လျှင် သင်ခံရမည်ဟု အပြစ်တင်ပါကလည်း ရေနစ်ရာမှ လွတ်နိုင်မည်မဟုတ်ပါ။ ရေနစ်သူအလိုရှိဆုံးမှာ သူ့အားရေနစ်ရာမှ ကယ်တင်မည့်သူဖြစ်ပါသည်။ မိတ်ဆွေလည်းအပြစ်နွံထဲမှာနစ်နေသူဖြစ်ပါပြီ။ သို့အတွက်ကြောင့် အပြစ်နွံထဲမှ မိတ်ဆွေကို ကယ်တင်မည့်သူကို မိတ်ဆွေသိပြီလား။

ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်၊ ကိုယ့်ကုသိုလ်ကြောင့် ရသည်မဟုတ်၊ သခင်ယေရှုသနားတော်မူသောကြောင့်ဖြစ်၏။



ရေနစ်သူသည်မိမိအားကယ်တင်သောသူကိုအားကိုးယုံကြည်ခြင်း အားဖြင့် ရေနစ်သေရမည့်ဘေးမှလွတ်မြောက်သကဲ့သို့၊ အပြစ်ထဲ နစ်နေသောမိတ်ဆွေသည်လည်း အပြစ်မှ ကယ်တင်ပိုင်သောယေရှုခရစ်တော်၏ကယ်တင်ခြင်းကျေးဇူး လက်ခံယုံကြည်ခြင်းအားဖြင့် အပါယ်ငရဲမှ လွတ်ရာလမ်းကို ရရှိနိုင်ပါသည်။

ဤရေနစ်သူစာစောင်ကိုဖတ်ရသဖြင့်

၁။ကျွန်တော်/ကျွန်မသည် ရေနစ်သူကဲ့သို့ အပြစ်ထဲနစ်နေသူဖြစ်ကြောင်း သိရပါသည်။ ထို့ကြောင့် အပြစ်ထဲနစ်နေသူ ကျွန်တော်/ကျွန်မအား ကယ်တင်မည့် ကယ်တင်ရှင် ယေရှုခရစ်တော် အကြောင်းကိုပိုမို သိရှိလိုပါသည်။ (    )

၂။အပြစ်ထဲနစ်နေသည့် ကျွန်တော်/ကျွန်မသည် အပြစ်မှကယ်တင်နိုင်သော ကယ်တင်ရှင် ယေရှုခရစ်တော်ကို ယုံကြည်လက်ခံပါသည်။ ထို့ကြောင့်ကျွန်တော်/ကျွန်မ၏ ကယ်တင်ရှင် ယေရှုခရစ်တော်အကြောင်းကို ပိုမိုသိလိုပါသည်။ (    )

အမည် ..........................................................
အသက် ..........................................................
မိဘအမည် ..........................................................
ကိုးကွယ်သည့်ဘာသာ ..........................................................
အလုပ်အကိုင် ..........................................................
နေရပ်လိပ်စာ ..........................................................
..........................................................

မှတ်ချက်
သင့်ခံစားချက်ကိုကွက်လပ်တွင် (✔) ခြစ်၍ ဖြတ်ပိုင်းကို ပြန်ပို့လျှင်၄င်း၊စာရေးဆက်သွယ်လျှင်၄င်း၊သင့်ထံသို့အခမဲ့စာစောင်များကို ပို့ပေးပါမည်။

ပိုမိုသိရှိလိုပါက အောက်ပါလိပ်စာသို့ဆက်သွယ်ပါ။

info@resourcesformissions.org